ကျွန်တော်ဒိုးမှာ ကြံကြံဖန်ဖန် အမေးခံရတာများလည်း ရှိသေးတော့သည်။ တချို့ကပေါ့ 'ဟ ကိုဒိုးရေ၊ အခုမှ နင်က တောဆေး အရောင်းပါအောင် ဘာလို့ လုပ်လာတာလဲလို့ ကြံကြံဖန်ဖန်အမေးခံ ဝေဖန်ခံရတာလည်း ရှိသေးတော့သည်။ ဟုတ်ကဲ့။ တောဆေး ပွဲထုတ်ရတာ အလွန်ကို အချိန်ကျလို့ပါ။

ဒီကနေ့ ရန်ကုန်မြို့မှာ ဝေဒနာ တစ်ခုခု ဖြစ်မှုရှိလာလျှင်ဗျာ ၁၀ သိန်းအောက်နှင့်ကုလို့ ဖြစ်တာဘာရှိသနည်းလို့ ကျွန်တော်ငနာကို ပြစမ်းဗျာ။ ဟုတ်ကဲ့။ ၁၀ သိန်းအထက်တန် ရောဂါ (တစ်နည်း) သန်းချီ တန်သည့်ရောဂါဘဝချည်းကျရောက်နေတာကိုကြည့်ပါဦးတော့ဗျာ။

ဒီလိုအခါ ခုလိုအခါမှာ ကျွန်တော်က ကျွန်တော်တို့ တောရပ်ဘုတ်စုများမှာ ပေါ်ပေါ်ကုသ လုပ်ခဲ့သည့် (တစ်နည်းအားဖြင့်) အရွက် အမြစ်တို့၊ မြက်သာသာ ဟိုအပင် ဒီအပင်တို့နှင့် ရောဂါ ဝေဒနာများ ပျောက်အောင် လုပ်ဆောင်ပေးနိုင်သည့် တောဆေးပညာကို အများ သိအောင် အကျိုးဆောင် ပွဲထုတ်မိတာဟာ အပြစ်ကြီးလားခင်ဗျာ။ ဒီလိုအသနားခံစကားတို့ အသနားခံစာတို့ တင်ရမှာလို ဖြစ်တော့သည်။ ဟုတ်ကဲ့။ လူတွေမှာ ဒုက္ခရောက်လွန်းလို့ ကိုယ်ကသိတာပြောမိရတာ ဖြစ်တော့သည်။

ဒီကြားထဲ လူတကာ သိလာသည့် စူလာနဖာ (ဤအပင် အခြားအမည် နှစ်မျိုးရှိသည်လဲ ကြားရသည်)။ ဆေးရွက် ဆေးပင်မှာ ပြိုင်စံရှား စွမ်းပကားကြီးမားတော လွန်ပါရောပဲ ဖြစ်တော့ သည်။ အခု စူလာနဖာက ရိုးရိုးစူလာနဖာ မဟုတ်တော့ပဲ ဆေးများဘုရင် စူလာနဖာပင်ဖြစ်ပြီး မဟာစူလာနဖာကို ဖြစ်လာပါတော့ပြီ။